(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော (သို့မဟုတ်) ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း (သို့မဟုတ်) ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ၊

(ဗ) ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုသယံဇာတများအား ထိခိုက်မှုမရှိစေရေး ကာကွယ်ပေးရန်နှင့် စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း ရှာဖွေတွေ့ရှိသည့် ယဉ်ကျေးမှုသယံဇာတများအတွက် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာသို့ အကြောင်းကြားအပ်နှံရန်၊

(ဘ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသော အောက်ဖော်ပြပါ စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်မည့်အစီအစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်နှင့် လိုက်နာမှတ်နေရာများတွင် စောင့်ကြပ်ကြည့်ရှုသွားရန် –

(၁) စွန့်ထုတ်အစိုင်အခဲ (စွန့်ပစ်မြေစာပုံ)လိုက်နာမှတ် (Point of Compliance)

Latitude:14˚09'39.40" N, Longitude: 98˚24'02.10" E

(၂) စွန့်ထုတ်အရည် လိုက်နာမှတ်

A – Latitude: 14˚ 09'43.86"N, Longitude: 98˚24' 16.14" E

B– Latitude: 14˚ 09'42.07"N, Longitude: 98˚24' 44.32" E

C– Latitude: 14˚ 09'32.61"N, Longitude: 98˚24' 07.62" E

(၃) နုန်းအနယ်စွန့်ပစ်သည့်နေရာ လိုက်နာမှတ်

Latitude: 14˚ 09'29.21"N, Longitude: 98˚24'04.02" E

(၄) လေထုအရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပတ်သက်၍ အခန်း (၅)၊ စာမျက်(၆၂)တွင် လက်ရှိအရည်အသွေးတိုင်းတာဖော်ပြထားသည့် Latitude: 14˚09'32.85"N, Longitude: 98˚24'01.44" E နှင့် တိုင်းတာခဲ့သည့် Parameter များအတိုင်း (၆)လလျှင် တစ်ကြိမ် ဆက်လက်စောင့်ကြပ်ကြည့်ရှုရန်၊